IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၁၅ – မေလ ၂၀၁၂

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ထိုင်းနိုင်ငံအတွင်းရှိ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ/ဗမာ ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) လုပ်ငန်းစဉ် နောက်ဆုံးတိုးတက်မှုဖြစ်စဉ်များကို အသေးစိတ်ဖော်ပြထားပြီး ၎င်းအလုပ်သမားများ၏ လူမှုဘဝဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှုတို့ကိုလည်း အဓိကထား ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့် ရရှိထားပြီးသော ရွှေ့ပြောင်း အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခတိုးမြှင့်ပေးမှုနှင့် အစိုးရအဖွဲ့အစည်းများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ရွှေ့ပြောင်း အလုပ်သမားများ၏ ပညာသင်ကြားရေး၊ လူမှုဘဝတိုးတက်ရေးနှင့် ဘဝအရည်အသွေးတိုးတက်ရေး လုပ်ဆောင်ချက်များ တိုးတက်လာမှုတို့ကိုလည်း အချက်ကျကျ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံသားစိစစ်အတည်ပြုခြင်း (နိုင်/စစ်) လုပ်ငန်းစဉ်တိုးတက်မှုများ

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ/ဗမာ ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်ပြုလုပ်ရန် အချိန်ကာလကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့အထိ တိုးမြှင့်ပေးခဲ့ပါသည်။ ထိုအချိန်ကာလတိုးမြှင့်ပေးမှုသည် ၂၀၁၁ ခုနှစ် ဇွန်လတွင် အသစ်မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအလုပ်သမား အဖွဲ့နှင့် ထပ်မံသက်တမ်းတိုးရမည့်အဖွဲ့[၁] ၂ဖွဲ့စလုံးအတွက် အကျုံးဝင်ပါသည်။ ဝန်ကြီးများအဖွဲ့၏ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်သည် ထပ်မံ သက်တမ်းတိုးရမည့်အဖွဲ့အတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့အထိ တိုးမြှင့်ပေးပြီး အသစ်မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်သက်တမ်းကုန်ဆုံးမည့်နေ့နှင့် အတူတူဖြစ်သည်။ အလုပ်သမားဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် မတ်လ၌ ထုတ်ဝေသော လက်စွဲစာအုပ်တွင် ရွှေ့ပြောင်း အလုပ်သမားများ နိုင်/စစ်လုပ်ငန်းစဉ် ပြီးမြောက်အောင် အလေးထားလုပ်ဆောင်ရမည့် အချက်များနှင့် လိုအပ်သော စာရွက်စာတမ်းများကို အောက်ပါတိုင်း ဖော်ပြထားသည်—

မြန်မာ/ဗမာ ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ် လုပ်ငန်းစဉ်အဆင့်များ

အလုပ်ရှင်များသည် ရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဖွင့်လှစ်ထားသော နိုင်/စစ်လုပ်ငန်းဌာန (၈)ခု အနက် တစ်ခုခုသို့ ခေါ်ဆောင်လာရမည်ဖြစ်သည်။ လုပ်ဆောင်ရန်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ အလုပ်ရှင်များသည် (နိုင်/စစ်) လျှောက်လွှာပုံစံများကို ပြည်နယ်/ဘန်ကောက်အလုပ်သမားရုံးခွဲတစ်ခုခုမှ ရယူပြီး ရွှေ့ပြောင်းအလုပ်သမားများအား ဖြန့်ဝေပေးရမည်။

၂။ လျှောက်ထားသူရွှေ့ပြောင်းအလုပ်သမားသည် နိုင်/စစ်ပုံစံတွင် ဖြည့်သွင်းပြီး ဓာတ်ပုံတစ်ပုံကပ်ပေးရမည်။ ဓာတ်ပုံတစ်ပုံကို ပလတ်စတစ်အိတ်အတွင်း ထည့်သွင်းပေးပြီး နိုင်/စစ်ပုံစံနှင့်တွဲ၍ အလုပ်ရှင်ထံ တင်ပြရမည်။

၃။ ရွှေ့ပြောင်းအလုပ်သမား၏ အလုပ်ရှင်သည် ထိုလျှောက်လွှာပုံစံအား သက်ဆိုင်ရာ ပြည်နယ်/ဘန်ကောက် အလုပ်သမားရုံး သို့ တင်ပြပေးရမည်။

---

[၁] သက်တမ်းတိုးရမည့် ရွှေ့ပြောင်းအလုပ်သမားအဖွဲ့သည် ၂၀၁၀ ခုနှစ်တွင် မှတ်ပုံတင်ထားသူများကို ဆိုလိုသည်။ ၎င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်ကို ၂၀၁၁ ခုနှစ်တွင် သက်တမ်းတိုးခဲ့ပြီး ဖြစ်သည်။ (၂၀၁၂ ခုနှစ် အစောပိုင်းကာလတွင် သက်တမ်းကုန်ဆုံးနေပြီး သက်တမ်းတိုးရန်ဆောင်ရွက်ဆဲဖြစ်) နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးမှုမရှိသေးပါ။ အသေးစိတ်ကို ကြေငြာချက် ၁၄ တွင် ကြည့်ရှုနိုင်သည်။

၄။ အလုပ်သမားရုံးများသည် နိုင်/စစ်လျှောက်လွှာပုံစံများအား ထိုင်းနိုင်ငံ အလုပ်သမားရေးရာဌာနနှင့် မြန်မာ အလုပ်သမားရေးရာ အရာရှိများထံသို့ တင်ပြပေးသွားမည်။

၅။ မြန်မာ/ဗမာအလုပ်သမားရေးရာအရာရှိများသည် လျှောက်လွှာများအား စစ်ဆေးအတည်ပြုပေးပြီး နိုင်/စစ် လုပ်ငန်းစဉ် သတင်းအချက်အလက်စနစ်သို့ အချက်အလက်များ ထည့်သွင်းပေးခြင်း၊ နိုင်/စစ်လုပ်ငန်းစဉ် ပြုလုပ် ပြီးစီးသော ရွှေ့ပြောင်းအလုပ်သမားများ၏ စာရင်းကို ထိန်းသိမ်းပေးခြင်းနှင့် လျှောက်ထားသူအတွက် ယာယီနိုင်ငံကူး လက်မှတ် ထုတ်ယူရမည့်နေရာနှင့် ရက်စွဲတို့ကို (နိုင်/စစ်လုပ်ငန်းစဉ် သတင်းအချက်အလက်စနစ်မှ တစ်ဆင့်) အကြောင်းကြားပေးခြင်းတို့ကို ပြုလုပ်ပေးသွားမည်။

၆။ ထိုင်းနိုင်ငံအလုပ်သမားရေးရာဌာနမှ ရွှေ့ပြောင်းအလုပ်သမား လျှောက်ထားသူသည် တရားဝင်အလုပ် လုပ်ကိုင်ခွင့်လက်မှတ် ရှိ/မရှိ စစ်ဆေးအတည်ပြုမည်။ ထို့နောက် အလုပ်သမားရေးရာဌာနက လျှောက်ထားသူ ရွှေ့ပြောင်းအလုပ်သမားအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခွင့်ပြုရန် (နိုင်/စစ်လုပ်ငန်းစဉ် သတင်းအချက် အလက်စနစ်မှ တစ်ဆင့်) အတည်ပြုပေးမည်။

၇။ ၄င်းနောက် အလုပ်ရှင်သည် ၄င်း၏အလုပ်သမားအား နိုင်/စစ်လုပ်ငန်းဌာနသို့ သတ်မှတ်ရက်တွင် ခေါ်ဆောင်လာရန် ဆင့်ခေါ်စာကို ပြည်နယ်/ဘန်ကောက်အလုပ်သမား ရုံးမှ လက်ခံရရှိမည် ဖြစ်သည်။

၈။ နိုင်/စစ်လုပ်ငန်းဌာနရှိသော ပြည်နယ်/ဒေသအပြင်ဘက်တွင်နေထိုင်သူများသည် နိုင်/စစ်လုပ်ငန်းစဉ်ဌာန၌ ယာယီနိုင်ငံကူးလက်မှတ်ရယူရန် ရည်ရွယ်ချက်ဖြင့် ၄င်းပြည်နယ်အတွင်းသို့ မသွားရောက်မီ ၄င်းတို့နေထိုင်ရာဒေသရှိ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုချက်တောင်းခံရမည်။

၉။ နိုင်/စစ်လုပ်ငန်းစဉ်ဌာနတွင် ရွှေ့ပြောင်းအလုပ်သမား၏ ယာယီနိုင်ငံကူးလက်မှတ်၌ ဗီဇာကိုရိုက်နှိပ်ပေးမည်။

၁၀။ ထို့နောက်အလုပ်ရှင်သည် ရွှေ့ပြောင်းအလုပ်သမားနှင့်အတူ ဆေးရုံသို့လိုက်ပါပြီး ပြည်သူ့ကျန်းမာရေးဝန်ကြီး ဌာနမှ သတ်မှတ်ထားသော ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ရမည်။

၁၁။ ထို့နောက် အလုပ်ရှင်သည် ယာယီနိုင်ငံကူးလက်မှတ် ရရှိပြီးချိန်မှ ၁၅ ရက်တွင်း ရွှေ့ပြောင်းသူအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

၁၂။ ၄င်းလုပ်ငန်းစဉ်များ ပြီးစီးပြီးနောက် ရွှေ့ပြောင်းသူများသည် ရက် ၉၀ ပြည့်တိုင်း (ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်လျှက်ရှိကြောင်း) လူဝင်မှုကြီးကြပ်ရေးဌာနအရာရှိများသို့ သတင်းပို့သွားရမည် ဖြစ်သည်။

မှတ်ချက်။ မြန်မာ/ဗမာ သတင်းအချက်အလက်စုံစမ်းရန် ဖုန်း– ၀၈၉–၈၁၂–၂၄၀၀

<u>နိုင်/စစ်လုပ်ငန်းစဉ်အတွက် လိုအပ်သော အချက်အလက်များ</u>	<u>ကောက်ခံမည့်နှုန်း</u>
– နိုင်/စစ်လျှောက်လွှာပုံစံအပြည့်အစုံ၊	– ယာယီနိုင်ငံကူးလက်မှတ် (မူရင်းနိုင်ငံမှသတ်မှတ်ထားသည့်အတိုင်း)
– ရောင်စုံဓာတ်ပုံ ၂ ပုံ၊	– ဗီဇာ၊ ၅၀၀ ဘတ် (သက်တမ်း ၂ နှစ်)
– ထော်ရော် ၃၈/၁ မိတ္တူ၊	– ကျန်းမာရေးစစ်ဆေးခြင်း၊ ၆၀၀ ဘတ်
– မြန်မာနိုင်ငံသား စိစစ်ရေးကဒ်မိတ္တူ (သို့) မြန်မာအမှုဆောင်အရာရှိများမှ ထုတ်ပေးထားသောစာရွက်စာတမ်းတစ်ခုခု	– အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားခြင်း၊ ၁၀၀ ဘတ်
	– အလုပ်လုပ်ကိုင်ခွင့်လက်မှတ်၊ ၉၀၀ – ၁,၈၀၀ ဘတ် (နေရာနှင့်လုပ်ငန်းအပေါ်မူတည်သည်)

<u>နိုင်/စစ်လုပ်ငန်းစဉ် လုပ်ဆောင်ရာတွင် လိုအပ်သောစာရွက်စာတမ်းများ</u>

- ဆင့်ခေါ်စာ
- ထော်ရော် ၃၈/၁ မိတ္တူ
- လျှောက်ထားမှုသက်သေပြချက် (သို့) အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လက်ခံဖြတ်ပိုင်း (သို့) အလုပ်လုပ်ကိုင်ခွင့် လက်မှတ်

<u>မြန်မာ/ဗမာလျှောက်ထားသူများအတွက် နိုင်/စစ်လုပ်ငန်းဌာနခွဲများ</u>

၁. ဘန်ကောက် **(Bangkok)**

143 Moo 8, Ratburana Sub-District, Ratburana District, Bangkok 10400

၂. စမွတ်ပရာကန် **(SamutPrakarn Province)**

16 Moo 2, Rachatheva Sub-District, Bangpree District, Samut Prakarn Province 10540

၃. စမွတ်ဆခွန် **(Samut Sakorn Province)**

U-arthorn Home Project's Community Center (Tha Chin), Rama II Road, Moo 7, Tha Chin Sub-District, Muang Samut Sakorn District, SamutSakorn Province 74000

၄. ချင်းမိုင် **(Chiang Mai Province)**

Main Stadium Building: 2nd Floor – Room 207 and 810, Sompot Chiang Mai 700th Year Stadium, Liepklongchonlapratarn Road, Don Kiew Sub-District, Mae Rim District, Chiang Mai Province 50180

၅. စူရဌာဏီ **(Surat Thani Province)**

30/3 Kanjanavithi Road, Moo 1, Bangkung Sub-District, Muang Surat Thani District, Surat Thani Province 84000

၆. တာ့ခ်ပြည်နယ် **(Tak Province)** *[ထိုင်း/မြန်မာနယ်စပ်ဖက်ခြမ်းတွင်နိုင်ငံကူးလက်မှတ်ရယူရန်]*

403 Moo 2, Tha Sai Luat Sub-District, Mae Sot District, Tak Province 63110

၇. ချင်းရိုင် **(Chiang Rai Province)** *[ထိုင်း/မြန်မာနယ်စပ်ဖက်ခြမ်းတွင်နိုင်ငံကူးလက်မှတ်ရယူရန်]*

100/228-229 Moo 5, Viangpangkham Sub-District, Mae Sai District, Chiang Rai Province 57130

၈. ရနောင်း **(Ranong Province)**

291/9 Moo 3, Bangnon Sub-District, Muang Ranong District, Ranong Province 85000

ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်းစဉ်[၂]

အလုပ်ရှင်များသည် ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်သမားဝန်ကြီးဌာန (သို့) ဘန်ကောက်မြို့ရှိ ကမ္ဘောဒီးယားသံရုံးသို့ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ရန် ခေါ်ဆောင်လာရမည်။ နိုင်/စစ် လုပ်ငန်းစဉ်အတွက် လိုအပ်သောစာရွက်စာတမ်းများမှာအောက်ပါအတိုင်းဖြစ်သည်—

၁။ ထော်ရော် ၃၈/၁ မူရင်း နှင့်မိတ္တူ
၂။ အလုပ်ရှင်၏ ရွှေ့ပြောင်းအလုပ်သမားခန့်ထားနိုင်ခွင့်လက်မှတ် (၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် ဝန်ကြီးများအဖွဲ့ ဆုံးဖြတ်ချက်နှင့်ကိုက်ညီသောရွှေ့ပြောင်းအလုပ်သမားများအတွက်သာ)
၃။ ဓာတ်ပုံ ၂ ပုံ (၁.၅ လက်မ)
၄။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်မူရင်းနှင့်မိတ္တူ (နှင့်အခြားသောသက်ဆိုင်ရာစာရွက်စာတမ်းများ)
၅။ အလုပ်ရှင်၏ (လက်မှတ်ပါဝင်သော) အိမ်ထောင်စုစာရင်းမိတ္တူ
၆။ အလုပ်ရှင်၏ (လက်မှတ်ပါဝင်သော) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ
၇။ အလုပ်ရှင်သည် ၄င်း၏ကိုယ်စား အခြားအဖွဲ့အစည်းတစ်ခုသို့ လွှဲအပ်ထားသောအခါ (အကျိုးဆောင်ဖြင့် လွှဲအပ်ထားပါက) လွှဲအပ်ခြင်းခံရသူသည် လက်မှတ်ပါဝင်သော နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူကို တင်ပြရမည်။

မှတ်ချက်။ နိုင်/စစ်လုပ်ငန်းစဉ်စုံစမ်းရန် ကမ္ဘောဒီးယားသံရုံးသို့ ညနေ ၂ နာရီအထိ ဖုန်း ၀၂–၉၅၇–၅၈၅၁

လာအိုရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်းစဉ်

၂၀၁၂ ခုနှစ် ဇွန်လ ၁၄ ရက်နောက်ပိုင်းတွင် လာအိုနိုင်ငံသို့ ပြန်လာရမည့် လာအိုရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်းစဉ်ကို လုပ်ဆောင်ပေးမည် မဟုတ်ကြောင်း လာအိုအာဏာပိုင်များမှ ထိုင်းအာဏာပိုင်များသို့ အကြောင်းကြားထားပြီး ဖြစ်သည်။

ဝန်ကြီးများအဖွဲ့၏ဖေဖော်ဝါရီလဆုံးဖြတ်ချက် – နိုင်/စစ်လုပ်ငန်းစဉ်အတွက် ပေးသွင်းရမည့်ငွေနှင့် အခြားအချက်အလက်များ

ဝန်ကြီးအဖွဲ့၏ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်တွင် ဗီဇာအတွက် ကောက်ခံငွေကို ၂,၀၀၀ ဘတ် မှ ၅၀၀ ဘတ်သို့ လျှော့ချပေးခြင်း၊ အသစ်မှတ်ပုံတင်သည့်အဖွဲ့များအတွက် နိုင်/စစ်လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးမည့် သက်ဆိုင်ရာအဖွဲ့အစည်းများသတ်မှတ်ပေးခြင်း၊ နေရပ်ပြန်ပို့ရေးရန်ပုံငွေကောက်ခံမှုကို တစ်နှစ်ကျော်ရွှေ့ဆိုင်းခြင်း တို့လည်း ပါဝင်သည် (နောက်ဆုံးသတ်မှတ်ရက်အသစ်မှာ ၂၀၁၃ ခုနှစ် မတ်လ ၁ ရက် ဖြစ်သည်)။ ၄င်းရွှေ့ဆိုင်းမှုအတွက် ဝန်ကြီးဌာနဆိုင်ရာ ထုတ်ပြန်ချက်ကို မကြာမီအချိန်အတွင်း ကြေငြာမည်ဟု မျှော်မှန်းရသည်။

---

[၂] အောက်ပါသတင်းအချက်အလက်များသည် အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် မပါဝင်ပါ။ သို့သော် ထိုင်းနိုင်ငံအလုပ်အကိုင်ခန့်ထားရေးရုံး၏ ထုတ်ပြန်ချက်တွင် ပါဝင်ပါသည်။

နိုင်/စစ်လုပ်ငန်းစဉ်နှင့် ရွှေ့ပြောင်းလုပ်သားကျန်းမာရေး

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ စီမံချက်အရ ၂၀၁၂ ခုနှစ်ဇွန်လ ၁၅ ရက်နေ့တွင် ထိုင်းငံနိုင်အတွင်း နေထိုင်ပြီး အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးသည် တရားဝင်ဖြစ်လာလိမ့်မည်။

အကျိုးဆက် အနေဖြင့် ၎င်းတရားဝင်ဖြစ်လာသော ရွှေ့ပြောင်းလုပ်သားများသည် အလုပ်သမားဝန်ကြီးဌာနမှ စီစဉ် ပေးသော လူမှုဖူလုံရေးလုပ်ငန်းစဉ်(Social Security System)တွင် စာရင်းပေးသွင်းနိုင်မည် ဖြစ်သည်။ လူမှုဖူလုံရေး လုပ်ငန်းစဉ်အတွက် သတ်မှတ်ချက်ပြည့်မီသော ရွှေ့ပြောင်းလုပ်သားများသည် ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနမှ ဆောင်ရွက်သော (မလုပ်မနေလုပ်ဆောင်ရမည့်) ကျန်းမာရေးအာမခံစီမံကိန်းတွင် စာရင်းပေးသွင်းရန် မလိုအပ်ပါ။

လူမှုဖူလုံရေးလုပ်ငန်းစဉ်သို့ စာရင်းပေးသွင်းမှုသည် 'ပုံမှန်မဟုတ်သော'လုပ်ငန်းများအဖြစ် သတ်မှတ်ထားသော စိုက်ပျိုးရေးနှင့် အိမ်တွင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အကျုံးဝင်မှုမရှိပါ။

တရားဝင်မဟုတ်သော ရွှေ့ပြောင်းလုပ်သားများအတွက် လူမှုရေးနှင့်ဘဝအရည်အသွေးကြီးကြပ်ရေး ဆပ်ကော်မတီ

၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် နိုင်ငံခြားသားအလုပ်သမားအုပ်ချုပ်ရေးအမျိုးသားကော်မတီ၏ အမိန့်အမှတ် ၀၀၅/၂၅၅၅ အရ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းလုပ်သားများအတွက် လူမှုရေးနှင့်ဘဝအရည်အသွေးကြီးကြပ်ရေးဆပ်ကော်မတီကို ဖွဲ့စည်း ခဲ့သည်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းရေးမှူးသည် ထိုဆပ်ကော်မတီ၏ သဘာပတိဖြစ်ပြီး ပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးသည် အကြံပေးအဖွဲ့အဖြစ်ဆောင်ရွက်မည် ဖြစ်သည်။

ထိုဆပ်ကော်မတီတွင် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနခွဲများ၊ ဝန်ကြီးဌာန/အစိုးရ အေဂျင်စီများ၊ ပညာရေး ဆိုင်ရာအဖွဲ့အစည်းများ၊ ထိုင်းနိုင်ငံစက်မှုလုပ်ငန်းဖယ်ဒရေးရှင်းနှင့် ပုဂ္ဂလိကဆေးရုံလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌတို့ ပါဝင်သည်။ ထိုအဖွဲ့မှ ရွှေ့ပြောင်းလုပ်သားများ၏ လူမှုရေးနှင့်ဘဝအရည်အသွေးအတွက် မူဝါဒများသတ်မှတ်ခြင်း၊ တိုင်းတာခြင်းနှင့် တိုးတက်ရေး လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုဆပ်ကော်မတီသည် ၎င်း၏ လုပ်ဆောင်ချက်များကို နိုင်ငံခြားသား အလုပ်သမားအုပ်ချုပ်ရေးအမျိုးသားကော်မတီသို့ တင်ပြခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် အခြားသောသက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်သွားမည် ဖြစ်သည်။

လူကုန်ကူးခြင်းခံရသူများအား ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့်ပြု

ဝန်ကြီးချုပ် ယင့်လတ်ရှင်နာဝပ်ဒ် ၏ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့ ကြေငြာချက်မှ ၂၀၀၈ လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေအရ သတ်မှတ်ထားသော တရားရင်ဆိုင်ရေးတွင် စောင့်ဆိုင်းနေရသူများနှင့် ထိုင်းနိုင်ငံတွင်း ကျန်းမာရေး စောင့်ရှောက်မှုခံယူနေသော လူကုန်ကူးခြင်းခံရသူများသည် အလုပ်ကြမ်းနှင့် အိမ်တွင်းမှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့် ရရှိနိုင်သည်။

ပညာရေးဝန်ကြီးဌာန၏ ရွှေ့ပြောင်းလုပ်သားများအတွက် ပညာရေးစီမံချက်

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ ရွှေ့ပြောင်းလုပ်သားပညာသင်ကြားရေးဌာနများ တည်ထောင် ခြင်းဖြင့် အခြေခံပညာ (ပုံမှန်နှင့် အလွတ်ပညာ) သင်ကြားမှု ရယူနိုင်သည့် စည်းမျဉ်းများကို ထုတ်ပြန်ကြေငြာခဲ့သည်။

ထိုစည်းမျဉ်းသတ်မှတ်ချက်တွင် ရွှေ့ပြောင်းလုပ်သားပညာသင်ကြားရေးအတွက် ဦးစီးဆောင်ရွက်သူ တစ်ဦးချင်းအလိုက် ပြည့်မီရမည့် အရည်အချင်းများ၊ ရွှေ့ပြောင်းလုပ်သားပညာသင်ကြားရေးဌာန များတည်ထောင်ရန် လိုအပ်သောအဆင့်များနှင့် သင်ကြားရေးဌာနများ ဖွင့်လှစ်ရာတွင် ရှိရမည့်အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် အခန်းကဏ္ဍများကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်းတို့ ပါဝင်သည်။ ၎င်းအပြင် ထိုစည်းမျဉ်းအရ ကျောင်းသားများသည် လိုအပ်သောအရည်အချင်းများ

ပြည့်မှီရမည်ဖြစ်ပြီး၊ စဉ်ဆက်မပြတ် စစ်ဆေးခံရန် လိုအပ်ပြီး ပညာရေးဝန်ကြီးဌာနမှ အောင်လက်မှတ်များ ပေးအပ်သွားမည် ဖြစ်သည်။

ထို့အပြင် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော အခြေခံစည်းမျဉ်းများတွင် ရွှေ့ပြောင်းလုပ်သား ပညာသင်ကြားရေးဌာနများ ရရှိနိုင်သည့် ငွေကြေးထောက်ပံ့မှုများ၊ ပညာရေးဝန်ဆောင်မှုရုံးခွဲများ၏ အခန်းကဏ္ဍနှင့် သင်ကြားရေးဌာနများ ပိတ်သိမ်းခြင်း လုပ်ငန်းစဉ် များ ပါဝင်သည်။ ရွှေ့ပြောင်းလုပ်သားကျောင်းများသည် အခြားငွေကြေးထောက်ပံ့မှုများကိုလည်း ရယူနိုင်သည်။

ထိုင်းနိုင်ငံတစ်ဝှမ်း အနိမ့်ဆုံးလုပ်အားခတိုးမြှင့်သတ်မှတ်ခြင်း

ဝန်ကြီးများအဖွဲ့၏ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ထုတ်ပြန်ချက်အရ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အနိမ့်ဆုံးလစာ သတ်မှတ်ချက်များကို ထိုင်းနိုင်ငံတစ်ဝှမ်း တိုးမြှင့်ပေးခဲ့ပါသည်။ ၄င်းထုတ်ပြန်ချက်တွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ပြည်နယ် ၇၇ ခုလုံး ၌ အနိမ့်ဆုံးလုပ်ခသည် ၃၀၀ ဘတ် အထိ တိုးမြှင့်လာမည်ဖြစ်ပြီး ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များအထိ ဆက်လက် တည်ရှိနေမည် ဖြစ်သည်။ သို့ရာတွင် ထိုင်းနိုင်ငံစီးပွားရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့၍ အလုပ်သမားများ၏ အသက်မွေးမှုကို ရိုက်ခတ်လာပါက လုပ်အားခကော်မတီမှ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များအတွက် အနိမ့်ဆုံးလုပ်အားခပြင်ဆင်မှု စံနှုန်းများကို ပြင်ဆင်ပေးသွားမည် ဖြစ်သည်။

အောက်ပါဇယားတွင် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်နေ့အထိ ပြည်နယ်အလိုက် အနိမ့်ဆုံးလုပ်အားခရရှိမှုကို ဖော်ပြပေးထားသည်။

အနိမ့်ဆုံးလုပ်အားခ	နေရာဒေသများ
၃၀၀	ဖူးခက်(Phuket), ဘန်ကောက် (Bangkok), ဆမွတ်ပရာကန် (Samut Prakan), နခွန်ပထွမ် (Nakhon Pathom), နွန်ထဘူရီ(Nonthaburi), ပထုမ်ဌာဏီ (Pathum Thani), ဆမွတ်ဆခွန် (Samut Sakhon)
၂၇၃	ချွန်ဘူရီ (Chonburi)
၂၆၉	ချချင်းစောင်း(Chachoengsao), စရဘူရီ (Saraburi)
၂၆၅	အယုဒ္ဓယ (Ayutthaya)
၂၆၄	ရယောင်း (Rayong)
၂၅၉	ဖန်းငါး (Phang Nga)
၂၅၈	ရနောင်း (Ranong)
၂၅၇	ကရာဘီ (Krabi)
၂၅၅	နခွန်ရချစီမာ (Nakhon Ratchasima), ပရာချင်းဘူရီ (Prachinburi)
၂၅၄	လော့ဘူရီ (Lopburi)
၂၅၂	ကန်ချနဘူရီ (Kanchanaburi)
၂၅၁	ချင်းမိုင် (Chiang Mai), ရချဘူရီ (Ratchaburi)
၂၅၀	ချန်ထဘူရီ (Chantaburi), ဖက်ချဘူရီ (Petchaburi)
၂၄၆	စုန်ခလာ (Songkhla), စင်းဘူရီ (Sing Buri)
၂၄၄	တရန်း (Trang)
၂၄၃	နခွန်စီထမရတ် (Nakhon Sithammarat), အန်ထုန် (Angthong)
၂၄၁	လေး (Loei), ချွန်ဖွန် (Chumporn), ဖတ်ထလုန် (Phatthalung), စတွန်း(Satun), စကရောက် (Sakaeo)
၂၄၀	စမွတ်ဆုန်ခမ် (Samut Songkhram), ပရချုပ်ခီရီခန် (Prachuapkhirikhan), ယလား (Yala), စူရဋ္ဌာဏီ (Suratthani)
၂၃၉	နာရာထိဝ (Narathiwat), ဥူဒုန်ဌာဏီ (Udon Thani), ဥူဘွန်ရချဌာဏီ (Ubon Ratchathani)
၂၃၇	နခွန်နာယုဒ် (Nakorn Nayok), ပတ်တဏီ (Pattani)
၂၃၆	နောင်ခိုင်း (Nongkhai), လမ်ဖွန်း (Lampoon), ဘွန်ခန်း (Buengkan), တရတ် (Trat)
၂၃၄	ကန်ဖဲန်ဖက် (Kamphaengphet), ဥူထိုင်ဌာဏီ (Uthaithani)
၂၃၃	ကာလာစင် (Kalasin), ခွန်ခန် (Khon Kaen), ချိုင်းနတ် (Chainat), စူဖန်းဘူရီ (Suphan Buri)
၂၃၂	ချင်းရိုင် (Chiang Rai), နခွန်းစဝန် (Nakhon Sawan), ဘူရီရာမ် (Buribam), ဖက်ချဘွန် (Phetchabun), ယစိုထွန်(Yasothon), ရွိုင်အက် (Roiet), စခွန်နခွန် (Sakon Nakhon)
၂၃၀	ချိုင်းယဖွန် (Chaiyaphum), မွတ်ဒဟန် (Mukdahan), လမ်းပန် (Lampang), စူခိုထိုင်း (Sukhothai), နောင်ဘိုဝ်လန်းဖူး (Nongbualamphu)
၂၂၉	နခွန်ပနုမ် (NakhonPhanom)
၂၂၇	ဖိချိ (Phichit), ဖိစ္ဆန်နူလုပ် (Phitsanulok), ဖရဲ (Phrae), မဟာစရခမ်း (Mahasarakham), မဲဟောင်ဆောင် (Mae Hong Son), အမ်နကျရုန် (Amnatcharoen), ဥတရဒစ် (Uttaradit)
၂၂၆	စူရင်း (Surin), တာခ့် (Tak)
၂၂၅	နန့် (Nan)
၂၂၃	စီစကစ် (Sisaket)
၂၂၂	ဖယောင်း (Phayao)

စာရင်းဇယားများ

ဇယား ၁.၁– ၂၀၁၂ ခုနှစ်မတ်လအထိအမ်အိုယူမှစုဆောင်းထားသည့်ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	အလုပ်လုပ်ကိုင်ခွင့်နှင့်နိုင်ငံကူးလက်မှတ်ရရှိပြီး ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယား	၅၆,၉၂၄
လာအို	၁၅,၆၀၃
မြန်မာ/ ဗမာ	၁၈,၃၇၂
စုစုပေါင်း	**၉၀,၈၉၉**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားအလုပ်သမားများအလုပ်အကိုင်ခန့်ထားရေးဌာနမှ အင်တာနက်စာမျက်နှာမှ ရယူထားခြင်း ဖြစ်ပါသည်။
http://wp.doe.go.th/sites/default/files/statistic/7/sm03-55.pdf

ဇယား ၁.၂– ၂၀၁၂ ခုနှစ်မတ်လအထိနိုင်/ စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့်ရွှေ့ပြောင်းလုပ်သားစာရင်း

နိုင်ငံသား	အလုပ်လုပ်ကိုင်ခွင့်ရရှိပြီး နိုင်/ စစ်လုပ်ငန်းစဉ်ပြီးစီးသည့် ရွှေ့ပြောင်းလုပ်သား အရေအတွက်
ကမ္ဘောဒီးယား	၆၇,၂၃၈
လာအို	၄၅,၇၆၆
မြန်မာ/ ဗမာ	၅၀၀,၂၆၃
စုစုပေါင်း	**၆၁၃,၂၆၇**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားအလုပ်သမားများအလုပ်အကိုင်ခန့်ထားရေးဌာနမှ အင်တာနက်စာမျက်နှာမှ ရယူထားခြင်း ဖြစ်ပါသည်။
http://wp.doe.go.th/sites/default/files/statistic/7/sm03-55.pdf

---

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲမှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန်ဖုံး –၀၂–၃၄၃၉၃၀၀၊ ဖက်စ် – ၀၂–၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို အောက်ပါအင်တာနက်စာမျက်နှာမှဖတ်ရှုနိုင်ပါသည်။

http://203.155.51.53/iomthailand/index.php?option=com_docman&task=doc_details&gid=58&Itemid=4